# အခန်း(၆)

## အမေရိကန် မြေပေါ်တွင် ပေါ်ထွန်းလာခဲ့သော မြန်မာကျောင်း

ဆရာတော် ဦးပညာဝံသသည် မြန်မာနိုင်ငံမှ ပီနန်ကျွန်းသို့ သာသနာပြု ခရီးထွက်လာခဲ့သည်မှစ၍ ပီနန်ကျွန်း မှ လေ့ဒ်အိန်ဂျလိစ်သို့ ရောက်ရှိလာခဲ့သည်အထိ အတိတ်၏ အကြောင်းအရာများကို အရိပ်ပမာ စဉ်းစားရင်း သန်းခေါင်ယံတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့၏။ သို့သော် နောက်တစ်နေ့ အရုဏ်တွင် ဆရာတော်သည် အစောကြီး နိုးလာခဲ့ပြန်၏။ နောက်တစ်နေ့ကား ဒီဇင်ဘာလ ၂၃ ရက် တနင်္ဂနွေနေ့ဖြစ်၏။

တနင်္ဂနွေနေ့ဖြစ်၍ ဒကာ ဒကာမ များသည် အလုပ်သို့ သွားကြမည်မဟုတ်ဟု ဆရာတော်က တွေးကြည့်မိ၏။ သို့သော် အားလပ်ရက် ဖြစ်၍လည်း အပြင်သို့ အခြားအခြားသော ကိစ္စ များနှင့် ထွက်နိုင်သေး၏။ လူတို့ဘောင်ကား ကိစ္စတွေက များမြောင်လှ၏။ ဆရာတော်သည် မိမိထံတွင် လိပ်စာ ပါလာ သော ဒကာများထံသို့ မိမိကိုယ်တိုင်ပင် ဖုန်းခေါ်၍ ဆက်ကြည့် ပါက အကြောင်း တစ်စုံတစ်ရာတော့ ထူးချေမည် ဟု စဉ်းစား မိ၏။ သို့သော် သိပ်စောနေပါကလည်း အနှောင့်အယှက် ဖြစ်နိုင်၏။ ထို့ကြောင့် မနက် ၆ နာရီခွဲ မှ ဆက်ရန်စိတ်ကူးပြီး ဘုရားဝတ်ပြု၏။ ထို့နောက်မှ မျက်နှာသစ်၍ ခေတ္တ လမ်း လျှောက်ကာ ပါလာသော လိပ်စာ နှစ်ခုအနက်မှ ကိုမြင့်ဝေ ဆိုသူ၏ ဖုန်းနံပါတ်ကို တစ်ခုခြင်းလှည့်ကြည့်လိုက်ပါ၏။

ကံကောင်း ထောက်မသည်ဟု ဆိုရမည်လား မသိ။ ကိုမြင့်ဝေနှင့်ပင် တိုက်ရိုက်တွေ့၏။ ဆရာတော်သည် မိမိ ဘာသာ မိမိ မိတ်ဆက်ပြီး စကားစ၍ ပြောရသည်။ ထိုအခါ ကိုမြင့်ဝေက -

**"အရှင်ဘုရား ဘယ်က ကြွလာတာပါလဲ ဘုရား"**

ဟု အသံမှန်မှန်ဖြင့် လျှောက်ထားမေးမြန်းလိုက်ပါ၏။

**"ဘုန်းကြီးက အရင်ကတော့ ပီနန်က ဆရာတော်ပဲ။ ဘုန်းကြီး ဒီကိုလာရင်းနဲ့ အသိမရှိတာနဲ့ ဒကာတို့ လိပ်စာလည်း ရှိနေတာနဲ့ ဆက်ကြည့်တာပဲ ဒကာကြီး"**

**"ဒါဆို အရှင်ဘုရားက အခုဘယ်မှာ တည်းနေတာလဲ ဘုရား"**

**"ကျုပ်က သုံးလမ်းက နယူးတဲလ် မိုတယ်မှာ တည်းနေတယ်။ ဒါနဲ့ ခင်ဗျား ဦးဘရှင်ဆိုတဲ့ ဒကာ တစ်ယောက်ကိုရော မသိဘူးလား"**

**"အရှင်ဘုရားက ဦးဘရှင်နဲ့ သိလို့လားဘုရား"**

**"သိတယ်တော့ မဟုတ်ပါဘူး။ ခင်ဗျားလိုပဲ သူ့လိပ်စာလည်း ပါလာလို့ပါ"**

**"ဒီလိုဆိုရင် အရှင်ဘုရား အဲဒီ မိုတယ်ကပဲ စောင့်နေပါ။ တပည့်တော် ဦးဘရှင်ကိုပါခေါ်ပြီး လာခဲ့ပါမယ် ဘုရား။ ဦးဘရှင်မှာ ကားမရှိလို့ သူ့ကိုဝင်ခေါ်ပြီး တပည့်တော် လာခဲ့ပါမယ်။ စောင့်သာနေပါ ဘုရား။"** ဟု တစ်ဖက်မှ ကိုမြင့်ဝေက လျှောက်ထား လိုက်၏။ ထို့ပြင် ကိုမြင့်ဝေက ဒေါက်တာကောင်းစိန် ဆိုသော ပုဂ္ဂိုလ်တစ်ဦးလည်း ရှိသည်။ ထိုပုဂ္ဂိုလ်က ဆွမ်းကပ်လို၍ ဘုန်းကြီးတစ်ပါး လိုက်ရှာနေသည်။ အဆင်သင့်လှ၍ အရှင်ဘုရား ရောက်နေကြောင်း တပည့်တော် ဖုန်းဆက်ထားမည်ဟုလည်း ဖုန်းထဲမှ လျှောက်ထားသေး၏။

ဆရာတော်သည် ယခုအထိ အထစ်အငေါ့မရှိ အဆင်ချောနေ၍ ဝမ်းသာနေမိ၏။ မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးကြောင့်ပဲဟု အောက်မေ့ကာ ကိုမြင့်ဝေ၊ ဦးဘရှင်နှင့် ဒေါက်တာကောင်းစိန် တို့အား ထိုပုဂ္ဂိုလ်များသည် မည်သို့သော ပုဂ္ဂိုလ်များဖြစ်မည်ကို ခန့်မှန်းနေမိ၏။ ကိုမြင့်ဝေ၏ အသံကို ခန့်မှန်း၍ လူပုံကို ဖော်ကြည့်နေမိ၏။

ကိုမြင့်ဝေသည် ဆရာတော်နှင့် အဆက် အသွယ်ရပြီး ချက်ချင်းပင် ဒေါက်တာကောင်းစိန် ထံသို့ မြန်မာဘုန်းတော်ကြီး

တစ်ပါး ရောက်နေသည်။ ယနေ့ နေ့ဆွမ်းကပ်ရန် ပြင်ဆင်ထားပါဟု မှာကြားပြီး ဦးဘရှင်ကို ဝင်ခေါ်ကာ နံနက် ၉ နာရီလောက်တွင် ဆရာတော် ဦးပညာဝံသထံ ရောက်လာ၏။ ဆရာတော်သည် မိုတယ်အခန်းတွင်း၌ ကိုမြင့်ဝေ၊ ဦးဘရှင်နှင့် ခေတ္တစကားစမြည်ပြောပြီး ၁၀ နာရီတွင် ဒေါက်တာ ကောင်းစိန်၏ အိမ်သို့ ဆက်၍ ထွက်ခွာလာခဲ့၏။

ထိုနေ့က နေ့ဆွမ်းကို ဒေါက်တာ ကောင်းစိန် အိမ်တွင် ဘုဉ်းပေး၏။ ဆရာတော်သည် ဆွမ်းဘုဉ်းပေးပြီးနောက် ပရိတ်တရား ရွတ်ဖတ်ကာ သီလပေး၏။ ထိုနေ့က တရားဓမ္မသံနှင့် ကင်းဝေးနေကြသော မြန်မာမိသားစုများသည် မမျှော်လင့်ဘဲ မြန်မာဘုန်းတော်ကြီး တစ်ပါးထံတွင် သီလယူရ၊ ပရိတ်တရားတော်ကို နာကြားရသဖြင့် အားလုံးက ဝမ်းမြောက် ကြည်နူးနေကြ၏။ ထို့နောက် ဒေါက်တာ ကောင်းစိန်က ဆရာတော်အား **ဒေါ်လာ တစ်ရာ**ကို ဆက်ကပ်လှူဒါန်းသည်။ ထိုဝတ္ထုသည် အမေရိကန် နိုင်ငံသို့ ရောက်ရှိပြီး ပထမဆုံး အလှူခံရရှိသော ဝတ္ထုပစ္စည်းပင် ဖြစ်၏။

ဆရာတော်က လော့အိန်ဂျလိစ်ရှိ မြန်မာတို့၏ လုပ်ငန်းကိုင်ငန်း အခြေအနေကို မေး၏။ ကိုမြင့်ဝေကပင် ဦးဆောင်၍ အခြေအနေ အရပ်ရပ်ကို လျှောက်ထား၏။ ကိုမြင့်ဝေကို အောင်မြင်နေသော လူတစ်ယောက်အဖြစ် ခန့်မှန်း၍ ရ၏။ ထိုသို့ စကားပြောရင်းပင် ကိုမြင့်ဝေက ဆရာတော်အား **“အရှင်ဘုရား ဒီကိုကြွလာတာ ဘာလုပ်မလို့ပါလဲ။ ဘယ်ဆက်သွားမှာပါလဲ ဘုရား”** ဟု လိုရင်းကို လျှောက်ထား မေးမြန်း



**ဆရာတော်ကြီး ဘဒ္ဒန္တ ပညာဝံသသည် အသိအကျွမ်း ဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိဘဲ လော့အိန်ဂျလိစ်မြို့သို့ ကြွရောက်ပြီး ဘုရားသာသနာတော်အတွက် အောင်မြင်စိတ်ကို ထားရှိကာ သာသနာပြုခဲ့သည်။**

လိုက်ပါ၏။ ဆရာတော်က "ဒီကိုလာတာ ကတော့ အလည်ပဲ ဒကာရဲ့။ စနည်းနာရင်း ရောက်လာတာပါပဲ။ ဒါပေမယ့် ကျောင်းလေးဘာလေးဖြစ်လို ဖြစ်ငြားလည်း ဆန္ဒတော့ရှိတယ်။ ကျောင်းဖြစ်ရင်တော့ ကောင်းတာပေါ့" ဟု ဆရာတော်က ပြောကြားလိုက်၏။

ထိုအခါ ကိုမြင့်ဝေက **"ဒီလိုဆိုရင်တော့ အရှင်ဘုရား မိုတယ်မှာ အကြာကြီး နေလို့မသင့်ပါဘူး။ တပည့်တော် အိမ်ကို သာလိုက်ပြီး သီတင်းသုံးပါဘုရား"** ဟု လျှောက်ထား၏။ ထို့နောက် ကိုမြင့်ဝေက ဆရာတော်အား မိုတယ်သို့ ပြန်ပို့၏။ မိုတယ်သို့ ရောက်တော့ **"အရှင်ဘုရား အဆင်သင့်ပြင်ထားပါ။ တပည့်တော်မနက်ဖြန် အရှင်ဘုရားကိုလာခေါ်ပါ့မယ်"** ဟု လျှောက်ထားကာ ပြန်သွားကြ၏။

ဆရာတော် ဦးပညာဝံသသည် ပြန်သွားကြသော ဒကာများ၏ ကားကိုကြည့်ကာ ကံတရားသည် ဒီနေ့ ဒီအချိန် ဒီဒကာတွေနဲ့ ဆုံဆည်း၍ ဒီနေ့အထိ ကောင်းနေပါသေးလားဟု တွေးကာ သာဓုခေါ်လိုက်ပါ၏။ နောက်တစ်နေ့ တနင်္လာနေ့တွင် ကိုမြင့်ဝေသည် ဆရာတော် ဦးပညာဝံသအား မိမိ အိမ်တွင် သီတင်း သုံးရန်လာ၍ပင့်၏။

ကိုမြင့်ဝေ၏ ဇနီးက ခရစ်ယာန် ဘာသာဝင် ကရင် အမျိုးသမီး ဖြစ်၏။ ဟင်္သာတဘက်မှဖြစ်၍ သူ၏ အဘိုး အဘွား များကတော့ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြောင်းသိရ၏။ ကိုမြင့်ဝေ ၏ဇနီးသည် ခရစ်ယာန်ဖြစ်သော်လည်း ဆရာတော်ကြီး ရောက် သွားသောအခါ ပျာပျာသလဲ မိမိ၏ ထူးဆန်းသော အိပ်မက်ကို လျှောက်ထား၏။ တပည့်တော် မြင်မက်ထားသော အိပ်မက် တစ်ခုက ထူးဆန်းလှပါသည်။ အိပ်မက်ထဲတွင် မြန်မာ ဘုန်းတော်ကြီးတစ်ပါး မိုးပေါ်မှ တပည့်တော်အိမ်သို့ ကြွလာ သည်။ အမေရိကတိုက်တွင် ထူးထူးခြားခြား လုပ်ငန်းများကို လုပ်ဆောင်သည်။ အိပ်မက်ထဲမှ မြန်မာဘုန်းတော်ကြီးသည်

အရှင်ဘုရား အတိုင်းသာ ဖြစ်ပါသည်။ အိပ်မက်မှာလည်း အလွန်မှ ထင်ရှားစွာ မြင်မက်ခဲ့ခြင်းဖြစ်ပါသည်။ ထင်ထင်ရှားရှား မြင်မက်ပြီး ယခုအရှင်ဘုရား ကြွလာတာပါပဲဘုရား။ အိပ်မက်ထဲမှ ဆရာတော်မှာလည်း အရှင်ဘုရားပင် ဖြစ်သကဲ့သို့ ရှိပါသည်ဘုရား။ အံ့သြစရာ ဖြစ်ရပ်ပါ ဘုရားဟု လျှောက်ထား၏။

အိပ်မက်အတိုင်း တိုက်ဆိုင်နေ၍ ထိုခရစ်ယာန် အမျိုးသမီး ဒကာမမှာ အထူးတလည် အံ့သြဝမ်းသာ နေပါ၏။ ဇနီးဖြစ်သူက ခရစ်ယာန် ဖြစ်သော်လည်း ကိုမြင့်ဝေက ဗုဒ္ဓဘာသာ ဖြစ်၏။ ခရစ်ယာန်ဖြစ်သူ ဇနီးသည် ဆရာတော်အား လေးလေးစားစားပင် ဆွမ်းများ ချက်ပြုတ်ကပ်လှူ၍ နေအိမ်တွင်ပင် ကောင်းမွန်စွာ သီတင်းသုံး နေစေပါ၏။ ဆရာတော်အတွက် သီတင်းသုံးရန် အခန်းတစ်ခုကိုလည်း သီးခြား ပေးထား၏။ ကိုမြင့်ဝေသည် ဖျတ်ဖျတ်လတ်လတ်ရှိ၍ လုပ်ရဲကိုင်ရဲ သတ္တိရှိသူ တစ်ဦး ဖြစ်၏။

မကြာမီ မြန်မာဘုန်းတော်ကြီးတစ်ပါး လော့အိန်ဂျယ်လိစ်သို့ ရောက်နေသည်ဟူသော သတင်းသည် မြန်မာတို့ အစုအဝေး အတွင်းသို့ ပျံ့နှံ့သိရှိကာ မြန်မာများ ဆရာတော်ထံ စုစုဝေးဝေး ဖြင့်ရောက်လာကြ၏။

လော့အိန်ဂျလိစ်ရှိ မြန်မာတို့သည် ဆရာတော် ရောက်မလာမီကပင် မြန်မာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း ထူထောင်ရေးအတွက် ငွေစုထားကြ၏။ စုထားသော ငွေမှာ ဒေါ်လာ သုံးထောင်လောက် ရရှိနေပြီ ဖြစ်သော်လည်း

ရှေ့ဆက်၍ အလုပ်မဖြစ်ဘဲ ရှိနေ၏။ လော့အိန်ဂျလိစ်တွင် မြန်မာအသိုင်း အဝိုင်းရှိသော်လည်း ဘုန်းတော်ကြီးမရှိ၍ ဒေါက်တာကောင်းစိန်ကဲ့သို့ ဆွမ်းကပ်လိုသူ၊ သီလယူ၊ တရားနာ ဘဝနာပွားလိုသူတို့ အခက်အခဲ ရှိနေကြ၏။ ကျောင်းရှိထား ပါက ဘုန်းတော်ကြီး တစ်ပါးပါး ပင့်ဆောင်ရန်အတွက် အခက် အခဲ မရှိတော့ဟုဆိုကာ ကျောင်းထူထောင်ရေးကို ရည်မှန်း၍ ငွေစုထားကြခြင်း ဖြစ်၏။

ငွေစုထားသည်ဟု ဆိုသော်လည်း လက်တွေ့ စုထားခြင်း မဟုတ်။ ကျောင်းတည်ထောင် ဆောက်လုပ်ပါက ဘယ်သူက ဘယ်လောက်ထည့်မည်၊ ဘယ်ဝါက ဘယ်လောက်ထည့်မည် စသည်ဖြင့် ပါးစပ်နှင့် ထည့်ဝင်ရန် စုထားကြခြင်း ဖြစ်၏။ ဤကဲ့သို့ စိတ်ကူးများ ပေါ်ခဲ့သည်မှာလည်း လော့အိန်ဂျလိစ် တွင် ထိုင်းဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိရာ ထိုကျောင်း ကို အစိုးရရော ပြည်သူပါ ဝိုင်းဝန်းပံ့ပိုး ကြသဖြင့် အလှူရေစက် လက်နှင့်မကွာ၊ လွှန်စွာစည်ပင်၍ ကျော်ကြားနေသည်ကို တွေ့မြင်ကြရာမှ စိတ်ကူးရရှိသော အကြံဉာဏ် ဖြစ်ပါသည်။

ထိုအခါ ဆရာတော်က ကျောင်းဖြစ်မြောက်ရေး အတွက် စိတ်ဆန္ဒရှိသူများကို စုဝေး၍ မြန်မာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းဖြစ်ပေါ်ရေးအတွက် ငွေကြေးသည် အဓိကမဟုတ်။ ဖြစ်ပေါ်အောင် တည်ထောင်လိုသည် ဟူသော စိတ်ဓာတ် သည်သာ အဓိက ဖြစ်သည်။ ထို့ကြောင့် ယင်းစိတ်ဓာတ် ရှိမရှိ ဆရာတော်က အတိအကျမေး၏။ လော့အိန်ဂျလိစ်ရှိ ဒကာ ဒကာမတို့က ဤမြေဤရေတွင် မြန်မာ ဘုန်းတော်ကြီးကျောင်း



**ဆရာတော်ကြီး ဘဒ္ဒန္တ ပညာဝံသသည် သာသနာ အကျိုးအတွက် တကယ်လုပ်ပါက အဟုတ်ဖြစ်၍ အောင်မြင်အောင် စွမ်းဆောင်နိုင်သော ပါရမီထူးနှင့် ပြည့်စုံသည့် ကမ္ဘာ့သာသနာပြု ဆရာတော်ကြီး ဖြစ်ပါ၏။**

တစ်ကျောင်း အမှန်တကယ် ပေါ်ထွန်း လာစေလိုသော စိတ်ဓာတ် ရှိပါကြောင်း လျှောက် ထားကြ၏။

ထိုအခါ ဆရာတော်က စိတ်ဓာတ်က အရေးကြီး သည်၊ စိတ်ဓာတ်က ဘာမဆို ဖြစ်နိုင်သည်၊ ခိုင်မြဲသော စိတ်ဓာတ်သည် အခက်အခဲဟူသမျှကို ကျော်လွှားနိုင်သည်။ လုပ်ငန်းတစ်ခု လုပ်ဆောင်ရာတွင် လက်တွေ့အားဖြင့် စုစည်းညီညွတ်မှုရှိမှ အကောင်အထည် ပေါ်သည်။ ထို့ကြောင့် ကျောင်းဖြစ်မြောက် လိုပါက စုစည်း၍ လုပ်ငန်း အကောင်အထည်ဖေါ်ရန် ကျောင်း ဖြစ်မြောက်ရေးကော်မတီ တစ်ရပ် ဖွဲ့ဖို့လိုသည်။ ဖွဲ့ပြီးပါက ထိုအဖွဲ့ကို သက်ဆိုင်ရာအာဏာပိုင်တို့ထံတွင် မှတ်ပုံတင်ရမည်။ ထိုသို့ အသင်းဖွဲ့ပြီး မှတ်ပုံတင်ပြီးပါက လော့အိန်ဂျယ်လိစ်တွင် မြန်မာ ဘုန်းတော်ကြီးကျောင်း တည်ထောင်ရန် မိမိက ဒေါ်လာ နှစ်သောင်း မ,တည်ပေးမည်ဟု ဆရာတော် ဦးပညာဝံသက မိန့်ကြားလျှင် ဒကာ ဒကာမများ အားလုံးတို့က မိမိတို့သည် ကျောင်းဖြစ်ပေါ်ရေး လမ်းစတွေ့ပြီ၊ ဤမြေဤရေ အမေရိက တိုက်ပေါ်တွင် မြန်မာဘုန်းတော်ကြီး ကျောင်း ဖြစ်မြောက်ရေး အတွက် ဦးစီး နာယက အကြီးအကဲ ရရှိလေပြီဟု ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြလေသည်။

ထို့နောက် လော့အိန်ဂျလိစ်ရှိ မြန်မာတို့သည် အသင်း ဖွဲ့စည်း၍ ဒေသ အာဏာပိုင်တို့ထံတွင် မှတ်ပုံတင်ကြ၏။ အသင်း၏ အမည်မှာ မြန်မာ ဗုဒ္ဓဘာသာ ကျောင်း အသင်း **Burma Buddhist Monastery** ဟုမှည့်ခေါ်ခဲ့ကြ၏။

ထို့နောက် ကိုမြင့်ဝေက **"ဆရာတော်သည် အိမ်တွင် သီတင်းသုံးရသည်မှာ ကျဉ်းကျပ်မှုဖြစ်သည်။ ကျောင်းမဖြစ်ပေါ် သေးမီ အိမ်တစ်အိမ်ငှား၍ သီတင်း သုံးပါက ပို၍ကောင်းမည်"**

ဟု လျှောက်ထား၏။ အိမ်ငှားမည်ဆိုပါက ကျောင်းဖြစ်မြောက်ရေးငွေထဲမှ မသုံးဘဲ တစ်လအတွက် ဒကာ တစ်ဦးဆီက ကျခံရန် ပြောဆိုဆွေးနွေးကြရာ ကိုမြင့်ဝေကပင် မိမိထံတွင် အိမ်ရှိသည်။ ထို့ကြောင့် ထိုအိမ်ကို ယာယီ ကျောင်းအဖြစ် လှူဒါန်းထားမည် ဟုဆိုပြန်ရာ **"ဒီလိုတော့ မလုပ်ပါနှင့်။ ကျုပ်တို့က အိမ်လခ ဝိုင်း၍ ကျခံပါရစေ၊ ကိုမြင့်ဝေကသာ အိမ်လခ သတ်မှတ် ပေးပါ"** ဟု ပြောကြ၏။ ထိုအခါ ကိုမြင့်ဝေက မိမိအိမ်ကို တစ်လ ဒေါ်လာ ၂၀၀ နှင့် သတ်မှတ်ရာ ချက်ချင်းပင် အားလုံးက ခြောက်လစာ ဝိုင်း၍လှူကြ၏။ ထို့ပြင် စုဝေးရောက်ရှိလာကြသော ဒကာဒကာမတို့က ခြောက်လအတွင်း လော့အိန်ဂျလိစ်တွင် မြန်မာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း ဖြစ်အောင် ကြိုးစားကြမည် ဟုလည်း ဆုံးဖြတ်ကြ၏။ ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီလ တစ်ရက်နေ့တွင် ဆရာတော် ဦးပညာဝံသသည် ကိုမြင့်ဝေနေအိမ်မှ သူ၏ အိမ်သစ် သို့ ပြောင်းရွှေ့သီတင်းသုံးခဲ့၏။

ဆရာတော်သည် ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် လော့အိန်ဂျလိစ်ကို ရောက်ခဲ့ရာ ကိုးရက် အကြာ ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ယာယီကျောင်းသို့ ပြောင်းရွှေ့ နေထိုင်နိုင်သဖြင့် ဤသို့ချောမော ပြေလည်စွာ ဖြစ်လာရမှုကို မိမိကိုယ်မိမိပင် အထူးအံ့သြနေမိသည်။ လော့အိန်ဂျလိစ်၌ မြန်မာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း အမှန်လည်း ဖြစ်ပေါ် လာမည်ဟု ဆရာတော်က ယုံကြည် နေမိ၏။ လော့အိန်ဂျလိစ်မှ ဒကာဒကာမတို့သည် စိတ်စေတနာ ရှိကြသည်။ မြန်မာ အရေအတွက်လည်း များသည်။